Burmese

Cole မူလတန်းကျောင်း

**မိသားစု ပါဝင်ပတ်သက်မှု ပေါ်လစီ**

၂၀၂၃-၂၀၂၄ စာသင်နှစ်

## မိဘများသည် Cole မူလတန်း၌ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည်။

မိဘများပါဝင်ခြင်းသည် ကလေးများ၏ပညာရေးအောင်မြင်မှုအတွက် အလွန်အရေးပါပါသည်။ မိဘများသည် မိမိတို့၏ သားသမီးများအား မြင့်မားသောပညာရေးစံနှုန်းများရရှိရန် ကူညီပေးရာတွင် အလွန်သြဇာလွှမ်းမိုးကြပါသည်။ ကျောင်းများ၊ မိသားစုများနှင့် အသိုင်းအဝိုင်းအုပ်စုများသည် သင်ယူမှုကိုထောက်ပံ့ရန် အတူလုပ်ဆောင်သည့်အခါ၊ ကျောင်းသူ/သားများသည်အောင်မြင်၍ ကျောင်းများ တိုးတက်လာကြပါသည်။ သင်သည် မိဘများအနေဖြင့်၊ သင့်ကလေး၏ပညာရေးတွင် အဖော်များဖြစ်ကြသည့်အတွက် တက်ကြွစွာပါဝင်ရန် အားပေးတိုက်တွန်းလိုပါသည်။ Cole မူလတန်းကျောင်းမှ ကမ်းလှမ်းသည့် မိဘများပါဝင်ပတ်သက်မှုနည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### မိဘများနှင့် ဆက်သွယ်ခြင်း

- Cole ဝန်ထမ်းများသည် ကျောင်းသူ/သားအယောက်တိုင်းအား Cole မူလတန်းကျောင်းမှ ကြိုဆိုပါလိမ့်မည်။ စာသင်နှစ်ပထမရက်မတိုင်မီ သူတို့ကျောင်းသူ/သား၏ဆရာ/မမှ မိသားစုများအား မည်သည့်အခန်းဖြစ်ကြောင်း အကြောင်းကြားပါမည်။
- မိဘများအား သူတို့သားသမီးများ၏အပြုသဘောနှင့် အပျက်သဘောလုပ်ရပ်များနှင့်ပတ်သက်၍ သူတို့၏ မိခင်ဘာသာစကားဖြင့် အဆက်အသွယ်ပြုလုပ်ပါမည်။
- ကျောင်း/မိသားစု သဘောတူညီချက်တစ်ခုကို မိဘများ၊ ဆရာ/မများနှင့် ကျောင်းသူ/သားများအား ပေးပါမည်။
- မိဘများအား ကျောင်းသင်ရိုးညွှန်းတမ်းနှင့် ရှိသင့်ရှိထိုက်သောကျွမ်းကျင်မှုအဆင့်များကို ပြည်နယ်ပညာရေးစံနှုန်းများ၊ တိုးတက်မှုအစီရင်ခံစာများ၊ အစီရင်ခံစာကဒ်များ၊ FAST အမှတ်များနှင့် TN Ready အစီရင်ခံစာများအား မိတ္တူများဖြင့် အသိပေးပါမည်။
- သတင်းအချက်အလက်များကို အင်္ဂလိပ်၊ စပန်နစ်၊ နှင့် အခြားဘာသာစကားများဖြင့် ကျောင်းရှေ့ရှိ မာကေး၊ S'mores သတင်းစာ၊ တစ်ကျောင်းလုံးအား ကြိုတင်အသံသွင်းထားသောဖုန်းဖြင့်အသိပေးခြင်းစနစ်၊ REMIND အပ်၊ ကျောင်းဝပ်ဆိုဒ်နှင့် ဖေ့စ်ဘုတ်များသုံး၍ အသိပေးပါမည်။

## မိဘများနှင့် တွေ့ဆုံခြင်း

- မိဘဆရာအသင်း (PTO) သည် မိဘများ၏အသံများကြားနိုင်ရန် ကြီးမားသော ကွဲပြားခြားနားသည့်မိဘများ အုပ်စုတစ်ခုနှင့်ဆက်သွယ်ရန် ဖွံ့ဖြိုးခဲ့ပါသည်။
- မိဘများနှင့်ကျောင်းသားများအားကြိုဆိုရန်၊ ကျွန်ုပ်ကျောင်းအကြောင်းနှင့် Title I အစီအစဉ်၏ သတင်းအချက်အလက်များဖြစ်သော ထိုအစီအစဉ်၏လိုအပ်ချက်များနှင့် မိဘများ၏လုပ်ပိုင်ခွင့်များ အသိပေးရန် နှစ်ပတ်လည် Title I အစည်းအဝေးနှင့် ကျောင်းဖွင့်ပွဲများ ပြုလုပ်ပါသည်။
- မိဘများပါဝင်ရန် အကျိုးသင့် အကြောင်းသင့်လိုအပ်သောကုန်ကျစရိတ်များကို Title I ရန်ပုံငွေဖြင့် ပေးဆောင်နိုင်သည်။
- မိဘများအား မိမိတို့၏သားသမီးများအား အိမ်တွင်ထောက်ပံ့ပေးရန်၊ ကော်ဖီစကားဝိုင်း၊ မိဘများအတွက် ထရိမ်နင်များ၊ မိသားစုပညာရေးညများ စသည့် မိဘများအတွက်သင်တန်းများကို တစ်နှစ်ပတ်လုံးစီစဉ်ထားပါသည်။ ဤလုပ်ဆောင်မှုများ၏အချိန်များသည် မိဘများအဆင်ပြေမှုပေါ်မူတည်၍ ကွဲပြားပါလိမ့်မည်။
- မိဘဆရာအစည်းအဝေးများကို ဆောင်းဦးရွက်ကြွေချိန် နှင့် ဆောင်းတွင်းတွင်ဆရာ/မများနှင့် မိဘများစပ်ကြား တစ်နေ့တာ၏အချိန်အမျိုးမျိုးတွင် စီစဉ်ပါသည်။ စကားပြန်များလည်း လိုအပ်ပါက ရရှိနိုင်ပါမည်။

## တက်ကြွသော မိဘများပါဝင်မှု

- မိဘများပါဝင်မှု အစပြုလုပ်ဆောင်မှုများကို ကြိုတင်အသံသွင်းထားသောဖုန်းခေါ်ဆိုမှုများ၊ လူမှုကွန်ယက်၊ သတင်းစာစောင်များ၊ လက်ကမ်းစာစောင်များနှင့် အပြင်ဘက်ရှိ မာကေးများမှတဆင့် ကြော်ငြာသွားပါမည်။
- ပွဲတော်များ၊ ကျေးဇူးတော်ချီးမွမ်းခြင်း နေ့လည်စာ၊ ကွင်းပြင်နေ့၊ စာအုပ်ပွဲနှင့် PTO (မိဘဆရာအသင်း) လုပ်ဆောင်မှုများတွင် စေတနာ့ဝန်ထမ်းရန် မိဘများအားဖိတ်ခေါ်ပါသည်။
- မိဘများသည် မိဘနှင့်ကျောင်းသဘောတူညီချက်ရေးဆွဲခြင်း၊ လုပ်ဆောင်ခြင်းနှင့် ကျောင်းတိုးတက်ရေး အစီအစဉ်တွင် ပါဝင်ကြပါသည်။
- အလယ်တန်းကျောင်းသို့ပြောင်းရွှေ့ရမည့် ကျွန်ုပ်တို့၏ ငါးတန်းကျောင်းသူ/သားများအား အကူးအပြောင်း စတင်၍ အကြံပေးပုဂ္ဂိုလ်များနှင့်တွေ့ဆုံရန် အလယ်တန်းကျောင်းသို့ လေ့လာရေးခရီးတစ်ခု ပြုလုပ်ပေးပါမည်။
- နွေဦးရာသီတိုင်း မူကြိုနှင့် Head Start ကျောင်းသူ/သားများသည် သူငယ်တန်းကျောင်းသူ/သားတစ်ဦးက မည်ကဲ့သို့ဖြစ်သည်ကိုသိရှိရန်အတွက် Cole မူလတန်းကျောင်းသို့ အလည်အပတ်သွားကြပါမည်။
- ကျွန်ုပ်တို့သည် မိသားစု စေ့စပ်ညှိနှိုင်းခြင်း၊ ကောလိပ်နှင့် အလုပ်အကိုင်၊ ကျန်းမာရေးနှင့် ကောင်းစွာနေထိုင်စားသောက်မှု၊ လူမှုဝန်ဆောင်မှုများနှင့် သက်ကြီးဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ကူညီပေးသောသင်တန်းများကို ထောက်ပံ့ပေးပါသည်။